တက်ရောက်စေ၍ အခန်းအကျယ်အဝန်းနှင့်အညီ တက်ရောက်စေ၍ တစ်ဦးနှင့်တစ်ဦး အကြား (၆)ပေအကွာ နေရာချပေးရန်၊

- ရုံးများတွင် အဲယားကွန်းတပ်ဆင်ထားသောအခန်းများကို တတ်နိုင်သမျှ အဲယားကွန်း ပိတ်၍ လေဝင်လေထွက်ကောင်းစေရန် ပြတင်းများကိုဖွင့်ထားရန်၊ အဲယားကွန်း တပ်ဆင်ထားခြင်းမရှိသော အခန်းများကိုလည်း လေဝင်လေထွက်ကောင်းစေရေး ဆောင်ရွက်ထားရှိရန်၊
- လုပ်ငန်းခွင်အတွင်း လူအများစုဝေးပြီး အထိအတွေ့များနိုင်သော လူမှုရေးပွဲလမ်းများကို ရပ်နားခြင်း (သို့) ရွှေ့ဆိုင်းခြင်းများ ပြုလုပ်ရန်၊
- ရုံးများတွင် အမှိုက်သိမ်းရာတွင် အဖုံးပါသောအမှိုက်ပုံးများကို ရုံးခန်းအလိုက် စီစဉ်ပေးခြင်းနှင့် ရုံးအလိုက် အမှိုက်စွန့်ပစ်သောစနစ်အား စနစ်တကျရှိစေရေး သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ စီစဉ်ထားရှိရန်၊
- ဝန်ထမ်းများအနေဖြင့် နေထိုင်ရာအဆောင်တွင်လည်းကောင်း၊ ဝန်ထမ်းအိမ်ယာများတွင်လည်းကောင်းနေထိုင်ရာ၌ တတ်နိုင်သရွေ့ ညည်သည့်လက်ခံစကားပြောဆိုခြင်းကို လုံးဝရှောင်ကြဉ်ရန်နှင့် အဆောင်များတွင် စုရုံးစကားပြောခြင်း၊ စားသောက်ခြင်းနှင့် အပန်းဖြေခြင်းများကို ရှောင်ကြဉ်ကြပါရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အသိပေး၊ သတိပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) ရုံး/ဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများလိုက်နာရန် အချက်များ

(က) အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ရောဂါကူးစက်ခြင်းမှကာကွယ်ရန် ဝန်ထမ်းအားလုံး အတူတကွ လိုက်နာရမည့်အချက်များ (Respiratory Hygiene)

- ရုံးလုပ်ငန်းချိန်တောက်လျှောက် စားသောက်ချိန်မှအပ ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို လုံးဝ မဖြစ်မနေ တပ်ဆင်ထားရှိရန်၊
- အများပြည်သူအား ဝန်ဆောင်မှုပေးရသည့် ရုံးဝန်ထမ်းများနှင့် စာဝင်/စာထွက်ဌာနများတွင် တာဝန်ကျဝန်ထမ်းများသည် ပါးစပ်နှင့်နှာခေါင်းစည်း(mask)နှင့်တွဲဖက်၍ မျက်နှာအကာ (face shield)၊ လက်အိတ် (gloves) ကိုပါ တွဲဖက်ဝတ်ဆင်ရန်၊
- ထမင်းစားချိန်သည် ပါးစပ်နှင့်နှာခေါင်းစည်း (mask)နှင့် မျက်နှာအကာ (face shield) စသည့် ရောဂါအကာအကွယ်ပစ္စည်းများကို ချွတ်ထားရချိန်ဖြစ်၍ ရောဂါကူးစက်မှု အလွန်များသည့်အချိန်ဖြစ်သည်ကိုသတိပြုရန်၊ တစ်ဦးနှင့်တစ်ဦးသီးခြားစီ(၆)ပေအကွာ ခပ်ခွာခွာ စားသောက်ရန်၊ စုရုံးစားသောက်ခြင်း၊ မျက်နှာချင်းဆိုင်စားသောက်ခြင်း၊ ထမင်းစားချိန်